Department of Education and Early Childhood Development

Literacy tips to help your child
Years 3–6
Burmese

# သင့်ကလေးကို စာပေတတ်မြောက်စေရန်အတွက် အကြံပြုချက်များ

**Year 3 မှ 6 အထိ**

## ကလေးသူငယ်တိုင်း အခွင့်အရေး အားလုံးရရမည်










# သင့်ကလေးကိုစာဖတ်တတ်ရန်၊စာရေးတတ်ရန်နှင့်မြင်တတ်ရန်ကူညီခြင်း

ကလေးတစ်ယောက်၏ဖွံ့ဖြိုးတိုးတက်မှုအတွက် သူ့မိသားစု၏လွှမ်းမိုးမှုသည် အဦးဆုံးနှင့် ရေရှည်အကြာဆုံးဖြစ်ပြီး ကလေး စာပေသင်ကြားရေးတွင်အတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။

သင့်ကလေး၏ပြောဆိုခြင်း၊ နားထောင်ခြင်း၊ စာဖတ်ခြင်းနှင့် စာရေးသားခြင်းဆိုင်ရာ စွမ်းရည်များတိုးတက်လာအောင် သင်က အိမ်မှာ ကစားစဉ်နှင့်နေ့စဉ်လုပ်ဆောင်မှုများကိုသုံးပြီး ကူညီနိုင်သည့်နည်းလမ်းများစွာရှိသည်။

ဤစာစောင်က အိမ်မှာ နေ့စဉ် လုပ်ဆောင်မှုများကိုသုံးပြီး သင် သို့မဟုတ် အခြားမိသားစုဝင်များက မိမိတို့၏ကလေး စာပေတတ်မြောက်မှုစွမ်းရည်များ တိုးတက်လာစေရန် မည်ကဲ့သို့ လုပ်ဆောင်နိုင်သည်ကို အကြံဉာဏ်များ ပေးထားပါသည်။

ဤအပိုင်းတွင် သင့်ကလေးကို မိမိပြောနေကျ ဘာသာစကားဖြင့်၊ ထို့အပြင် သင်ကနိုင်နိုင်နင်းနင်းရှိလျှင် အင်္ဂလိပ်ဘာသာဖြင့် ပါဝင်ပြောဆိုစေခြင်းသည် အလွန်အကျိုးများပါသည်။

**www.education.vic.gov.au/about/directions/familiesaspartners/schools/connecting.htm** ရှိ Families as Partners in Learning ဝက်ဘ်ဆိုက်တွင် အင်္ဂလိပ်ဘာသာအပြင် အခြားဘာသာပေါင်း ၂၃ ဘာသာဖြင့် ဤစာစောင်ကို ဖတ်ရှုနိုင်ပါသည်။

## ကျွန်ုပ် ဘယ်ကနေ အကူအညီရနိုင်မှာလဲ?

### သင့်ကလေး၏ ကျောင်းဆရာ၊ဆရာမ

သင့်ကလေး၏ စာပေတတ်ကျွမ်းမှုတွင် ကူညီမြှင့်တင်ပေးနိုင်သည့် နည်းလမ်းများကို သင့်ကလေး၏ ဆရာဆရာမက အကြံဉာဏ်များပေးနိုင်ပါသည်။ ဆရာဆရာမနှင့် သင်ဆွေးနွေးနိုင်သော အကြောင်းအရာများတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ပါသည် -

- သင့်ကလေး၏ စာရေးစာဖတ် လုပ်ဆောင်နိုင်သော စွမ်းရည်အဆင့်
- သင့်ကလေးက စာရေးစာဖတ်ခြင်းတွင် ထားရှိလုပ်ဆောင်သော ရည်မှန်းချက်များနှင့် ထိုရည်မှန်းချက်များ အောင်မြင်ရေးအတွက် သင်က ကူညီပံ့ပိုးနိုင်သည့်နည်း
- သင့်ကလေး အခက်အခဲတွေ့သော ကဏ္ဍများတွင် သင်ကူညီပံ့ပိုးရန်အတွက် အသုံးပြုနိုင်သည့် နည်းလမ်းအမျိုးမျိုး

## အင်တာနက်အွန်လိုင်းမှ ရရှိနိုင်မည့် အထောက်အကူများ

ဗစ်တိုးရီးယားပြည်နယ်အစိုးရ၏ *Connect-Primary* ဝက်ဘ်ဆိုက်အသစ်က စာပေလေ့လာသင်ကြားမှုဆိုင်ရာ အံ့မခန်းဘွယ် နည်းလမ်းအသွယ်သွယ်ကို သင့်အိမ်မှကွန်ပြူတာ၊ ဒေသဆိုင်ရာ စာကြည့်တိုက် သို့မဟုတ် သင့်ကျောင်းမှပင် လွယ်ကူစွာ ဆက်သွယ်နိုင်စေပါသည်။

**http://www.education.vic.gov.au/primary** ရှိ *Connect-Primary* ဝက်ဘ်ဆိုက်ကို ဖွင့်ဖတ်ပါ။

*Connect-Primary* တွင်ပါဝင်သောနေရာများကို ကလေးများအတွက် သင့်လျော်မှု ရှိ/မရှိ ဆရာဆရာမများက စစ်ဆေးပြီးဖြစ်ပါသည်။

အကယ်၍ *Connect-Primary* တွင်စာရင်းမပါသော အခြားဝက်ဘ်ဆိုက်များကို အသုံးပြုပါက လုံခြုံစိတ်ချရမှုအတွက် သင့်အမည် သို့မဟုတ် သင့်ကလေး အမည်အပြည့်အစုံ၊ ကျောင်း၊ ဖုန်းနံပတ်သို့မဟုတ် နေရပ်လိပ်စာကဲ့သို့သော ကိုယ်ရေးအချက်အလက်များကို သင်မသိသူများအား အွန်လိုင်းမှတဆင့် မည်သည့်အခါမျှပေးခြင်း မပြုရန် သတိထားရပါမည်။

အာလ်ထရာနက် *(Ultranet)* သည် သင့်အား သင့်ကလေး၏ ကျောင်းတွင် စာပေသင်ကြားမှုအခြေအနေ များကို အသိပေးထားသည့် အွန်လိုင်းစနစ်အသစ် ဖြစ်ပါသည်။ အာလ်ထရာနက်သည် ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာဆရာမများ ဖွင့်ဖတ်နိုင်သည့် ပြည်နယ်တစ်ခုလုံးဆိုင်ရာ လုံခြုံစိတ်ချရသော အွန်လိုင်းစနစ်အသစ်တစ်ခုဖြစ်ပါသည်။ *Ultranet* ဝက်ဘ်ဆိုက်ကို **www.education.vic.gov.au/about/directions/ultranet/benefits/parents.htm** တွင် ဖွင့်ဖတ်ပါ။

## အိမ်တွင် စာဖတ်ရန်နှင့် စာရေးရန် အခွင့်အလမ်းများဖန်တီးပေးပါ။

စာဖတ်သူများနှင့် စာရေးသူများအနေဖြင့် ကလေးများသည် ကျောင်းနှင့် အိမ်ပြင်ပ ကမ္ဘာကြီးကို စူးစမ်းလေ့လာကြသည်။

အရေးကြီးသည်မှာ သင်က -



- သင့်ကလေး စာဖတ်ခြင်း၊ စာရေးခြင်းနှင့် စာအမျိုးမျိုး ကြည့်ရှုခြင်းကို သင်က အမှန်တကယ် စိတ်ဝင်စားမှုရှိကြောင်းပြသပါ။
- သင်ဖတ်နေ၊ ရေးနေသည်ကို သူတို့မြင်ပါစေ၊ ထို့နောက် သင်သည် ဘာ့ကြောင့် ဖတ်နေ၊ ရေးနေရသည်ကို သူတို့ကို ပြောပြပါ။
- သင့်ကလေးအား သူတို့၏ နားလည်နိုင်ခြင်းကို ပြောပြပါ၊ သူတို့၏ စာဖတ်ခြင်းနှင့် စာရေးခြင်းဆိုင်ရာ အားထုတ်မှုများကိုလည်း အားပေးပါ။
- စကားပြောဆိုခြင်းဖြင့် မိသားစုရှေးဟောင်းနှောင်းဖြစ်များနှင့် ပုံပြင်များ ပြောပြပြီး သင့်ကလေးကိုလည်း သူ့ထက်အသက်ကြီးသော မိသားစုဝင်များကို စကားပြောဆိုရန် အားပေးပါ။
- သင်တို့အတူတူကြည့်ဘူးသည့် ရုပ်မြင်သံကြားဇာတ်လမ်း သို့မဟုတ် ရုပ်ရှင်များအကြောင်း ဆွေးနွေးပါ။
- သင့်ကလေးကို သူ့ကိုယ်ပိုင် စာကြည့်တိုက်တစ်ခု တည်ထောင်ဖို့ အားပေးပါ။
- သင့်ကလေးကို ကမ္ဘာ့ဖြစ်ရပ်များအကြောင်းပြောပြပြီး သူတို့တွင် ကိုယ်ပိုင်အမြင်များရှိလာစေရန် ဖြစ်ရပ်များကို ဘက်စုံမှကြည့်မြင်ဖို့ အားပေးပါ။

## အိမ်တွင် သင့်ကလေး စာဖတ်ခြင်းနှင့် စာရေးခြင်းတွင် ကူညီခြင်း

စာသင်ကြားမှုအတွက် ပုံမှန်အချိန် ပြုလုပ်ထားပြီး စာရေးသားရန်အတွက် စိတ်ဝင်စားအောင် လှုံ့ဆော်ပေးမည့် ပစ္စည်းများထားပေးပါ။



- သူတို့၏ စိတ်ကူးများနှင့် ခံစားချက်များကိုရေးရန် မှတ်စုစာအုပ်များ
- ကွန်ပြူတာ နှင့်/သို့မဟုတ် အင်တာနက်စာအုပ်များ
- ရေးမှတ်စရာများ၊ခဲတံများ၊ အရောင်အထူးပြုသည်များနှင့် မင်တံများ
- ရည်ညွှန်းကိုးကားရန်အဘိဓာန်များ၊ အဓိပ္ပါယ်တူအကြောင်းအရာများ ဖော်ပြသည့်ကျမ်းများ။ ၎င်းတို့မှာ စာအုပ်များဖြစ်နိုင်သည် သို့မဟုတ် အွန်လိုင်း ရနိုင်သည်။
- အွန်လိုင်းမြေပုံများ၊ စွယ်စုံကျမ်းများ၊ ရာသီဥတုသတင်းနေရာများကဲ့သို့ အွန်လိုင်းအသုံးပြုနိုင်သည်များ

### ဖတ်စာအုပ်များအကြောင်း အကြံဉာဏ်များကို ဆွေးနွေးခြင်း

သင့်ကလေးက ဖတ်စာအုပ်တစ်ခုကို ဖတ်ပြီးပါက ထိုစာအုပ်အကြောင်း သူနှင့် ဆွေးနွေးဖို့အားပေးပါ။



သင့်ကလေး စိတ်ဝင်စားသည့်အရာများနှင့် ဆီလျော်မည့် အကြံဉာဏ်အချို့ကို ဖေါ်ပြလိုက်ပါသည် -

- သူတို့၏ ဝက်ဘ်ဆိုက်မှာရှိသော စာရေးသူ သို့မဟုတ် သရုပ်ဖေါ်သူ၏ အကြောင်းကို ဖတ်ပြပါ။
- ထိုစာရေးသူ၏ အခြားပုံပြင်တစ်ခုကို ရှာပြီးဖတ်ပါ။
- ဖတ်စာအုပ်ထဲမှညွှန်ကြားချက်များအတိုင်း မုန့်လုပ်ခြင်း၊ အရုပ်လုပ်ခြင်း၊ စက္ကူခေါက်ခြင်း၊ စသည်ဖြင့် တစ်ခုခုဖန်တီးရန် ကြိုးစားပါ။ အော်ရီဂါမီ (ဂျပန် စက္ကူခေါက်၍အရုပ်လုပ်နည်း) ကိုစမ်းကြည့်ပါ။ နမူနာများနှင့် ညွှန်ကြားချက်များကို **http://www.origami.com/index.html** တွင်ကြည့်ပါ။
- ဇာတ်လမ်းတစ်ခုထဲမှ ရှုခင်းများ သို့မဟုတ်ဇာတ်ကောင်များအကြောင်း ပုံဆွဲပါ သို့မဟုတ် ပန်းချီဆွဲပါ။ မူလတန်း ကျောင်းသားကျောင်းသူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ *Draw* နေရာကိုနှိပ်ပြီး ၎င်းတို့ကို အွန်လိုင်း ပုံဆွဲပါ။
- အကြောင်းအရာတစ်ခုအတွက် ရေးသားထားသော ဆောင်းပါး အမျိုးမျိုးကို အတူတူဖတ်ပါ။ ဖေါ်ပြသောရှုဒေါင့် အမြင်အမျိုးမျိုးကို ဆွေးနွေးပါ။
- စာအုပ်တစ်ခုကိုမှိုငြမ်းထားသော ရုပ်ရှင်ကိုကြည့်ပြီး စာအုပ်နှင့်ပြန်၍ နှိုင်းယှဉ်ပါ။
- မူလတန်းကျောင်းသားကျောင်းသူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ *Images* နေရာကိုနှိပ်ပြီး ဇာတ်ကောင်တစ်ဦး သို့မဟုတ် ဇာတ်လမ်းတစ်ခုကို ရွေးပါ။

# သင့်ကလေးကို မေးခွန်းများမေးပါ။

မေးခွန်းများမေးခြင်းဖြင့် အောက်ပါအချက်များတွင် သင်ကူညီနိုင်သည် -

- စာဖတ်ခြင်းနှင့် စာရေးခြင်းမှရသော ပျော်ရွှင်မှုကို မျှဝေခံစားခြင်း
- ဇာတ်ကောင်များ သို့မဟုတ် အကြောင်းအရာများကို နားလည်မှု ပိုမိုတိုးတက်လာခြင်း
- သူတစ်ပါးအပေါ် နားလည်နိုင်မှု ဖြစ်ပေါ်တိုးတက်လာခြင်း
- ကမ္ဘာကြီးအပေါ် တန်ဖိုးထားတတ်မှု၊ ထားရှိသောအမြင်နှင့် ခံယူချက်များ ဖြစ်ပေါ်တိုးတက်လာခြင်း
- ကမ္ဘာကြီးအကြောင်း အတွေ့အကြုံနှင့် ဗဟုသုတများ တိုးတက်များပြားလာခြင်း
- သူတို့၏ စိတ်ကူးစိတ်သန်းကို မြေတောင်မြှောက်ပေးခြင်း
- သူတို့ဖတ်နေသည့်အထဲမှ အရေးကြီးသောအချက်များကို ရွေးချယ်စဉ်းစားခြင်း

သင့်ကလေးကို ကျောင်းတွင်မေးနိုင်သည့် မေးခွန်းအမျိုးအစားများမှာ ဖေါ်ပြပါအတိုင်းဖြစ်ပါသည်။ အိမ်တွင်လည်း စာဖတ်ခြင်းအကြောင်း ပြောဆိုသည့်အခါ ထိုမေးခွန်းများထဲမှ အချို့ကိုမေးနိုင်ပါသည်။

- ဇာတ်ကောင်တွေရဲ့ နာမည်တွေက ဘာတွေလဲ?
- ဇာတ်လမ်းက ဘာအကြောင်းလဲ?
- ဇာတ်ကောင်က ပြီးတော့ ဘာလုပ်သလဲ?
- စာအုပ်ရဲ့ အစ/အဆုံးမှာ ဘာဖြစ်သလဲ?
- ဇာတ်ကောင်က ဘယ်လိုခံစားနေရတယ်လို့ သားသား/မီးမီး ထင်သလဲ?
- သားသား/မီးမီးက အဆုံးပိုင်းကို ဘယ်လိုပြောင်းချင်သလဲ?
- သားသား/မီးမီးက ဇာတ်ကောင်/ဇာတ်လမ်းရဲ့ အပြောင်းအလဲကို ဘယ်လိုပြောပြချင်သလဲ?
- ဒီဇာတ်လမ်းမှာ အဓိကရည်ရွယ်ချက်က ဘာလို့ သားသား/မီးမီး ထင်သလဲ?
- သားသား/မီးမီးက တခြားဖြစ်ရပ်တစ်ခု ဒါမှမဟုတ် ကိစ္စတစ်ခုနဲ့ ဆက်သွယ်နိုင်သလား?
- သားသား/မီးမီးက စာရေးသူနဲ့ အမြင်ချင်းတူသလား?
- ဒီဇာတ်လမ်းမှာ ရည်ရွယ်ချက်ကို သားသား/မီးမီးက ဘယ်လိုထင်သလဲ?
- တခြားသူတွေက ဘယ်လိုတစ်မျိုးမြင်နိုင်သလဲ?



# ခက်ခဲသောစကားလုံးများဖတ်ခြင်း၊ ရေးခြင်း

ရှည်သောစကားလုံး သို့မဟုတ် စကားလုံးအသစ်များကိုဖတ်ရန် သို့မဟုတ် ရေးရန် သင့်ကလေးကို အချိန်နှင့်နည်းလမ်းများပေးရန် အရေးကြီးသည်။

သင့်ကလေးစာဖတ်နေချိန်တွင် သူ့အား စကားလုံးကိုမပြောပြမီ ဤအချက်များကို စမ်းကြည့်ပါ -

- ဝါကျထဲတွင် ထိုစကားလုံး၏အဓိပ္ပါယ်ကို ဖေါ်နိုင်မည့် သဲလွန်စများကို ရှာကြည့်ပါ။
- ဒီစာလုံးကို သေသေချာချာကြည့်ပါ။ သားသား/မီးမီးသိတဲ့ တခြားစာလုံးတစ်ခုခုနဲ့ မတူဘူးလား?
- ဒီစာလုံးကို သားသား/မီးမီးက ခွဲလိုက်လို့မရဘူးလား?
- ဒီစာလုံးရဲ့ ရှေ့ကစာလုံးနဲ့ နောက်ကစာလုံးတွေက အကူအညီ မရဘူးလား?

သင့်ကလေးကို သူစာရေးနေတဲ့အချိန်မှာ စာလုံးပေါင်း ပြောမပြခင် မေးကြည့်ဖို့က -

- ဒါမှန်ရဲ့လား?

**သင့်ကလေးကို ရည်ရွယ်ချက်တစ်ခုခုနဲ့** စာဖတ်ဖို့ စာရေးဖို့ သို့မဟုတ် ကြည့်ဖို့ အားပေးတိုက်တွန်းပါ။ အကြံဉာဏ်တစ်ချို့မှာ -

- မူလတန်းကျောင်းသားကျောင်းသူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ *Review* နေရာကိုနှိပ်ပြီး စာအုပ် သို့မဟုတ် ရုပ်ရှင်ဝေဖန်ချက်များကို ဖတ်ပါ၊ ထို့နောက် သူတို့က သူတို့၏ဝေဖန်ချက်ကို ထည့်နိုင်သည်။
- ချက်နည်းပြုတ်နည်းစာအုပ်တစ်ခု ရေးသားရန် ချက်နည်းပြုတ်နည်းများ ဖတ်ပါ၊ စုဆောင်းပါ၊ စမ်းသပ်ကြည့်ပါ၊ ပြီးနောက် ရေးသားပါ။
- မူလတန်းကျောင်းသားကျောင်းသူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ ငြိ နေရာကိုနှိပ်ပြီးကမ္ဘာကြီးအကြောင်း အချက်အလက်များကိုဖတ်ပါ။
- ချက်ခြင်း ဆက်သွယ်နိုင်သော မိုဘိုင်းစနစ်ကိုသုံးပြီး မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် ဆက်သွယ်ပါ။
- သင့်ကလေးက အခမ်းအနားများ၊ အဖြစ်အပျက်များ၊ ခံစားမှုများကို ရေးမှတ်နိုင်မည့် နေ့စဉ်မှတ်တမ်းစာအုပ်တစ်ခု ထားပေးပါ။
- နှုတ်ခွန်းဆက်လွှာ ကဒ်များ ပြုလုပ်ပါ၊ ရေးပါ။
- သင်နှင့် သင့်ကလေးပြုလုပ်လိုသော စားစရာကိုပြုလုပ်ရန်အတွက် ဝယ်ရမည့်ပစ္စည်းစာရင်းတစ်ခု ရေးပါ။



- ဝက်ဘ်ကင်မရာ၊ သို့မဟုတ် ဒစ်ဂျစ်တယ်ကင်မရာ၏ ရုပ်ရှင်ရိုက်ခလုပ် သို့မဟုတ် မိုဘိုင်းဖုန်းကိုသုံးပြီး သင့်ဆောင်ရွက်ချက်ကို ဗစ်ဒီယိုရိုက်ကူးပါ။ မူလတန်းကျောင်းသားကျောင်းသူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ *Watch* နေရာကိုနှိပ်ပြီး အခြားကျောင်းသားကျောင်းသူများ ရိုက်ထားသော ဗစ်ဒီယိုများကို ကြည့်ပါ။
- ဖတ်ရှုရန်နှင့် ကိုယ်တိုင်လည်း ရေးသားပေးပို့နိုင်ရန် ဝီကီဝက်ဘ်ဆိုက် Wiki တွင် ပါဝင်ပါ။

## မိသားစုနှင့်ဆိုင်သော လုပ်ငန်းစဉ်များ

မိသားစုတစ်ခုလုံး စာဖတ်ခြင်းနှင့် စာရေးခြင်းတွင် ပါဝင်လာစေမည့် အခွင့်အရေးကိုရယူပါ။ မိသားစုနှင့်ဆိုင်သော လုပ်ငန်းစဉ်အချို့မှာ အောက်ဖော်ပြပါတို့ ဖြစ်ပါသည် -

- သူငယ်ချင်းများနှင့် မိသားစုဝင်များကို အီးမေးလ် ပို့ခြင်း
- မိသားစုဝင်များ၊ မိတ်ဆွေများနှင့် ဆက်သွယ်ရန် အများနှင့်ဆိုင်သော အင်တာနက်နေရာများ အသုံးပြုခြင်း



- အတွဲလိုက်ထုတ်ဝေထားသော စာအုပ်များ အတူတူဖတ်ခြင်း
- ပစ္စည်းအသစ်တစ်ခုနှင့်ပတ်သက်ပြီး မည်ကဲ့သို့လုပ်ဆောင်သည်ကို သိရှိရန် ပေးထားသော ညွှန်ကြားချက်များကိုဖတ်ခြင်း
- ဂျာနယ်တစ်ခု သို့မဟုတ် အွန်လိုင်းဘလော့ဂ်တွင် မိသားစုအဖြစ်အပျက် သို့မဟုတ် ခရီးသွားအတွေ့အကြုံများကို မှတ်တမ်းတင်ခြင်း
- ဇာတ်လမ်းများရေးပြီး မိသားစုဝင်များနှင့် မိတ်ဆွေများအတွက် ဖျော်ဖြေတင်ဆက်ခြင်း
- ပဟေဠိများ၊ စကားလုံးပဟေဠိများ၊ ဉာဏ်ကစားရသောအရာများ၊ စကားလုံးဆိုင်ရာဂိမ်းများနှင့် မေးခွန်းများကို အတူတူ အဖြေထုတ်ခြင်း
- စာကြည့်တိုက်များနှင့် စာအုပ်ဆိုင်များတွင် လိုက်ကြည့်ခြင်း
- မူလတန်းကျောင်းသားကျောင်းသူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ Make a movie ကိုနှိပ်ပြီး အတူတူ ရုပ်ရှင်ရိုက်ကူးခြင်း
- အလည်သွားစဉ် အများပြည်သူသုံး ခရီးသည်ပို့ဆောင်ရေးမှ အချိန်ဇယားများနှင့် အများမြင်သာသောနေရာမှ ဆိုင်းဘုတ်များအပါအဝင် မြေပုံ သို့မဟုတ် လမ်းညွှန်စာစောင်ကို လိုက်ကြည့်ပါ။

## ဝန်ကြီးချုပ်၏ စာဖတ်စွမ်းရည်ပြိုင်ပွဲ

ဝန်ကြီးချုပ်၏ စာဖတ်စွမ်းရည်ပြိုင်ပွဲသည် ဗစ်တိုးရီးယားပြည်နယ်အတွင်း ကျောင်းသားကျောင်းသူများ၏ စာဖတ်နိုင်စွမ်းကိုတိုးတက်စေသည့် အလွန် ကောင်းသောနည်းလမ်းဖြစ်သည်။ ကျောင်းသားကျောင်းသူများကို သတ်မှတ်ထားသော ရည်မှန်းချက်များရရှိရန် စာအုပ် ၁၅ အုပ်ထက်မက ဖတ်ရန်တိုက်တွန်းထားသည်။ ၎င်းတွင် စာအုပ်ခေါင်းစဉ်များအတွက်လည်း အကြံဉာဏ်များပါဝင်သည်။ ဝန်ကြီးချုပ်၏စာဖတ်စွမ်းရည်ပြိုင်ပွဲအကြောင်း **http://www.education.vic.gov.au/prc/default.htm** တွင်ကြည့်ပါ။